# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 5 , 2023 Volume 66, Number 3

၅.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၀.၁ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မန္တလေးသီးနှံဈေးကွက်အတွင်း ရာသီပေါ်စ ဒူးရင်းသီးများ ရောင်းအားကောင်း




ရာသီပေါ်စ မြန်မာဒူးရင်းသီးနှင့် (မွန်ထောင်း)ခေါ် မော်လမြိုင်ဒူးရင်းသီး၊ ယိုးဒယားသီးများ သီးနှံဈေးကွက်အတွင်း ရောင်းအားကောင်းလျက်ရှိကြောင်း မန္တလေးမြို့ သီးနှံမျိုးစုံကုန်စည်ဒိုင်မှ ကိုမျိုးလှိုင်ဝင်းကပြောသည်။

"မန္တလေးဈေးကွက်မှာတော့ ဒူးရင်းသီးပေါ့။ ဒူးရင်းသီးရောင်းအားကောင်းတယ်။ စိန်တလုံးသရက် ရောင်းအားကောင်းတယ်။ အဝယ်များအကြိုက်များတယ်ပေါ့။ ပြီးတော့ ဖရဲသီးရှိမယ်။ နာနတ်သီးရှိမယ်။ သုံးလပိုင်း လေးလပိုင်း စပျစ်သီးပြီးတော့ ဒီကောင်တွေဈေးကွက်ဝင်လာတာ။ သူ့အချိန်ရောက်ပြီပေါ့။ အခု ဗမာသီးဆိုရင် ၃၅၀၀၊ ၄၀၀၀၊ မွန်ထောင်းအသီးရှိမယ်။ မော်လမြိုင်ကလာတာ။ ဗမာသီးက တောင်ငူဘက်က လာတာ။ ယိုးဒယားသီးက အလုံးကြီးတယ်။ အသားများတယ်ဗျာ"ဟု ၎င်းကဆိုသည်။

ထိုင်းသီးများသည် တစ်ကီလိုကို ငွေကျပ် ၁၇၀၀၀ ကနေ ၁၈၀၀၀ ကြား ပေါက်ဈေးရှိပြီး ဗမာသီးကတော့ ၃၀၀၀ ကနေ ၅၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။ ဗမာသီးများသည် လက်တလော ဈေးကွက်ထဲကို အနည်းငယ်သာ ဝင်ရောက်နေပြီး လာမယ့် ၅ ပိုင်းလလယ်လောက်မှသာ အများအပြား ဝင်ရောက်မည် ဖြစ်ကြောင်း ဈေးကွက်ကနေတဆင့် စုံစမ်းသိရှိရသည်။ "စားသုံးသူကြိုက်တာကတော့ မော်လမြိုင်ကလာတဲ့ မွန်ထောင်းသီးနဲ့ယိုးဒယားသီးကို ပိုကြိုက်ကြတယ်။ အဝယ်များ တာပေါ့။ ဒူးရင်းသီးကတော့ နှစ်တိုင်း သူ့ရာသီဆိုရင် ခေတ်ထတာပဲ။ ဝယ်လက်က အမြဲ

ရှိတယ်။ ကိုယ့်ဘက်က ပစ္စည်းမှန်ဖို့ ဈေးမှန်ဖို့အရေးကြီးတယ်။ ယုံကြည်မှုရဖို့ တည်ဆောက်ရတယ်။ ဈေးကြီးပေးပြီး ပစ္စည်းမကောင်းရင်သွားပြီပေါ့။ ဝယ်လက်ပျက်တာပေါ့။ ဒူးရင်းသီးကတော့ ပွဲရုံတွေမှာ ရောင်းမလောက်ဘူး။ ကိုယ်စားလှယ်တွေလည်း အများကြီးရှိတယ်"ဟု ကိုမျိုးလှိုင်ဝင်းကဆိုသည်။

ထိုင်းသီးများသည် လမ်းခရီးအခြေအနေကြောင့် ပုံမှန်ထက် ဝင်ရောက်မှုနည်းတယ်လို့လည်း ဒူးရင်းသီး တင်ပို့ရောင်းချသူတွေထံကနေ သိရသည်။

ရာသီပေါ်ဒူးရင်းသီးများကို မန္တလေးသီးနှံ ကုန်စည်ဒိုင်များမှတစ်ဆင့် ဗန်းမော်၊ မြစ်ကြီးနား၊ ရွှေကူ၊ စစ်ကိုင်း၊ ကောလင်း၊ စစ်တွေနှင့် ကျောက်တော်သို့ အများဆုံးတင်ပို့ရကြောင်းသိရသည်။

**(AMIA)**

**Source: Myanma Awba**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၄-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းA1 ကျပ် ၁၃၅၀၊ အောင်ပန်း OK ကျပ် ၁၅၅၀၊ အောင်ပန်း S1 ကျပ် ၁၇၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းA1 ကျပ် ၅၀၊ အောင်ပန်း OK ကျပ် ၅၀၊ အောင်ပန်း S1 ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၄၃ စီး( ၂၅၈၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၆၀ စီး (၃၆၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၇ စီး ( ၁၀၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၂၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၄၅၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် (သစ်) ကျပ် ၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ အသီးသီးဈေးမြင့် တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၅ (၅၇၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၅ စီး (၈၁၀၀၀၀ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၄၀ စီး (၂၄၀၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၅၃၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၆၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၄၂၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၄၄၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း အမျိုးအစားအားလုံးဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၃၂၀၀ ( ၉၆၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၁၀၀ ( ၁၂၃၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၉၀၀ ( ၂၇၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: SWTun (Domestic(Ygn) MITC**

## မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ရခိုင်ငှက်ပျောတင်ပို့မှုအခြေအနေ

ရခိုင်ငှက်ပျောကို မောတောင်မြို့ဒေသဝန်းကျင်တွင် အများအပြားစိုက်ပျိုးကြပြီး ယခုရာသီသည် ရခိုင်ငှက်ပျော လှိုင်လှိုင်ထွက်ရှိသောကာလဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မေလ(၁)ရက်နေ့မှ(၃)ရက်နေ့အထိ မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံဘက်သို့ ရခိုင်ငှက်ပျော (၅၅) တန်ဝန်းကျင်ခန့် တင်ပို့နိုင်ခဲ့သည်။

လက်ရှိပေါက်ဈေးအနေဖြင့် ရခိုင်ငှက်ပျော (1 KG) လျှင် (၆)ဘတ် ဈေးရရှိပြီး တင်ပို့သူများအနေဖြင့် အကောက်ခွန်သက်သာခွင့်အကျိုးခံစားခွင့်(Form-D) ဖြင့်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%

## ပစ္စည်းရှားပါးမှုကြောင့် မြေပဲမျိုးဆန် ဈေးကောင်း




မကွေးမြို့မှာ ပစ္စည်းရှားပါးမှုကြောင့် မြေပဲမျိုးဆန်တစ်တင်းကို ကျပ်တစ်သိန်းကျော်အထိ ဈေးပေါက်နေတယ်လို့ မကွေးမြို့ မြေပဲမျိုးဆန်ရောင်းဝယ်ရေး လုပ်ကိုင်သူတွေဆီက သိရပါတယ်။ မကွေးမြို့နယ်အတွင်းက တောင်သူတွေအနေနဲ့ မြေပဲ၊ နှမ်းတွေကို စီးပွားဖြစ်စိုက်ပျိုးကြတာဖြစ်ပါတယ်။ အခုမေလအတွင်း မိုးဦးကျ မိုးတွေရွာသွန်းလာရင် မိုးဦးမြေပဲနဲ့ မိုးဦးနှမ်းတွေကို စိုက်ပျိုးကြမှာလည်းဖြစ်ပါတယ်။

မြေပဲကို အဖြူ အနီ နှစ်မျိုး စိုက်ပျိုးကြတာဖြစ်ပြီး မျိုးမြေပဲဆန် အဖြူ ၁၆ ပိဿာ တစ်တင်းကို ငွေကျပ်တစ်သိန်းနှစ်သောင်း၊ မျိုးမြေပဲဆန် အနီ ၁၆ ပိဿာ တစ်တင်းကို တစ်သိန်းသုံးသောင်းကျပ် ပေါက်ဈေးရှိတယ်လို့ မကွေးမြို့က မြေပဲဆန်မျိုး ရောင်းဝယ်သူ ကိုထိန်လင်းအောင်က ပြောပါတယ်။

မကွေးမြို့နယ်အတွင်းက တောင်သူတွေအနေနဲ့ အရင်က မြေပဲကို ၃ လ ပဲနဲ့ ၆ လ ပဲ နှစ်မျိုးစိုက်ပျိုးလေ့ရှိကြရာ အခုအချိန်မှာတော့ ၃ လ ပဲကိုသာ အဓိကစိုက်ပျိုးကြပြီး ၆ လ ပဲကို စိုက်ပျိုးသူ မရှိသလောက်နည်းပါးသွားတယ်လို့ ဆိုပါတယ်။ မကွေးမြို့ရဲ့ မြေပဲ၊ နှမ်း ရောင်းဝယ်ရေး ဈေးတွေကို မန္တလေးဈေးကွက်နဲ့ နိုင်ငံယှဉ်ချိန်ဆပြီး အရောင်းအဝယ်ပြုလုပ်ကြတာလို့ သိရပါတယ်။

ဤသတင်းကို One News Myanmar မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## ထိုင်းနိုင်ငံတွင် ကော်ဖီနှင့်ကော်ဖီထုတ်ကုန်များ ပိုမိုတင်ပို့နိုင်မည့် အခွင့်အလမ်းများပေါ်ထွက်လာ

ထိုင်းနိုင်ငံ ကော်ဖီလုပ်ငန်းရှင်များအား ပြည်တွင်းထွက်ကော်ဖီစေ့နှင့် ပြည်ပမှတင်သွင်းလာသော ကော်ဖီကုန်ကြမ်းစေ့များ ပေါင်းစပ်ထုတ်လုပ်ထားသည့် လှော်ထားသော ကော်ဖီစေ့များနှင့် ကော်ဖီထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရန် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်မည့်ကြေညာချက် (မူကြမ်း) ကို ထိုင်းနိုင်ငံ အစိုးရအဖွဲ့က အတည်ပြုလိုက်ကြောင်း၊ ယခင်က တင်သွင်းလာသည့် ကော်ဖီကုန်ကြမ်းများကို ပြုပြင်ပြီးသည့်ထုတ်ကုန်များကိုသာ ပြည်ပသို့ ပြန်လည်တင်ပို့ခွင့် ပြုခဲ့ကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Rachada က ပြောကြားလိုက်ပါသည်။

ယခုပြောင်းလဲချက်အရ ဘရာဇီးနိုင်ငံတောင်ပိုင်းမှထွက်ရှိသော ရိုဘတ်စတာ (Robusta) အမျိုးအစားနှင့် ကင်ညာမြောက်ပိုင်းမှထွက်ရှိသော အာရေးဗီးကား (Arabica) အမျိုးအစားတို့ကို ပြည်တွင်းထုတ်ကော်ဖီကုန်ကြမ်းစေ့များနှင့် ပေါင်းစပ်ထုတ်လုပ်ခြင်းဖြစ်နိုင်ကြောင်း ၎င်းကဆိုပါသည်။

သို့သော် ပို့ကုန်အတွက် အဓိကလိုအပ်သည့် အချက်များပြောင်းလဲခြင်းမရှိပါကြောင်း၊ ဥပမာ-ပို့ကုန်ခွင့်ပြုချက်၊ အပြည်ပြည်ဆိုင်ရာ ကော်ဖီအသင်း၏ စည်းမျဉ်းများအရ ပြည်ပကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးလျက်ရှိသည့် ကော်ဖီထွက်ရှိသည့် ပင်ရင်းဒေသလက်မှတ်များ လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းသို့ ကြေညာချက်ထုတ်ပြန်ပေးခြင်းကြောင့် ကော်ဖီလုပ်ငန်းရှင်များအတွက် ကုန်ကြမ်းများမှတစ်ဆင့် ပြည်တွင်းထုတ်လုပ်မှုကို အားပေးရာရောက်ရုံသာမက ပြည်ပသို့တင်ပို့မှုအခွင့်အလမ်းများလည်း တိုးမြင့်လာပါကြောင်း Ms. Rachada က ပြောကြားခဲ့ပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source:** www.bangkok.gov

https://myantrade.gov.mm/article/Naypyitawstp_050520230928

## တရုတ်သို့သရက်သီးများ တင်ပို့ရောင်းချရာတွင် သယ်ယူပို့ဆောင်စရိတ်များ ထက်ဝက်ခန့်ဈေးတက်




မူဆယ် ၁၀၅ မိုင်မှ တရုတ်နိုင်ငံသို့ စိန်တစ်လုံးသရက်သီးများ တင်ပို့ရောင်းချရာတွင် သယ်ယူပို့ဆောင်စရိတ်များ ထက်ဝက်ခန့်မြင့်တက်လာသောကြောင့် တောင်သူများ တွတ်ခြေကိုက်ရန် ရုန်းကန်နေရကြောင်း စိန်တစ်လုံးသရက် တင်ပို့ရောင်းချသူများမှ စုံစမ်းသိရှိရသည်။

ယခင်နှစ် စိန်တစ်လုံးသရက်ပေါ်ရာသီချိန်တွင် မူဆယ် ၁၀၅ မိုင်သို့ တန်ဆာခသည် တစ်ခြင်းလျှင် ၁၅၀၀ မှ ၁၈၀၀ အကြားရှိသော်လည်း ယခုနှစ် တန်ဆာခသည် ၃၀၀၀ ကျပ်ခန့် မြင့်တက်လာကြောင်း၊ တန်ဆာခများနှင့်အတူ အလုပ်သမားခများလည်း မြင့်တက်လာကြောင်း စုံစမ်းသိရှိရသည်။ "ဒီနှစ်က ကားတစ်စီး ဝမ်တိန်ရောက်ဖို့ ငါးရက်လောက်စောင့်စရာမလိုဘူး။ ဒီနေ့ပို့ မနက်ဖြန်ရောက်တယ်။ ဒါပေမယ့် ကုန်ကျစရိတ်ကအရမ်းများတယ်။ ကုန်ကျစရိတ်ကများ ၊ ဈေးကလည်း အတက်အကျကြမ်းနေတော့ ပြီးခဲ့တဲ့နှစ်လို မဖြစ်အောင် မနည်းရုန်းကန်နေရတယ်"ဟု မူဆယ် ၁၀ မိုင်သို့ စိန်တစ်လုံးသရက်သီး တင်ပို့နေရသည့် ကိုဖြိုးကပြောသည်။

မူဆယ် ၁၀၅ မိုင်သို့သရက်သီးဈေးကွက်တွင် စိန်တစ်လုံးအိတ်စွတ် တစ်ခြင်းလျှင် ၁၀၀ မှ ၁၂၀ ယွမ်အကြား စိန်တစ်လုံး ထိပ်စ ၁၃၀ ယွမ်မှ ၁၄၀ယွမ် ၊ အလွတ်သီး ၄၅ ယွမ် မှ ၈၀ ယွမ်အကြားရှိပြီး သစ်သီးပို့ကုန်များကို တရုတ်ဖက်မှ Border trade မှ Normal tradeသို့ ပြန်သွားနေကြောင်း မူဆယ် ၁၀၅ မိုင် ကုန်စည်ဈေးကွက်မှ စုံစမ်းသိရှိရသည်။

တရုတ်-မူဆယ် ဈေးကွက်တွင် ယခင်တစ်ပတ်က သရက်သီးတစ်ခြင်းလျှင် ၉၀ ယွမ် မှ ၁၃၀ ယွမ် အကြား မှ တစ်ခြင်းလျှင် ၄၅ ယွမ် မှ ၁၄၀ ယွမ်အကြား ဈေးမြင့်တက်လာခြင်းဖြစ်သည်။ "သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှာ ကုန်ကျစရိတ်များ မြင့်မားလွန်းတာကြောင့် သရက်သီးဈေးများ ဒီ့ထက်မြင့်အောင်ရောင်းနိုင်မှ တွတ်ခြေကိုက်မှာပါ" ဟု မူဆယ် ၁၀၅ မိုင်ရှိ ခွာညိုသစ်သီးကုမ္ပဏီကပြောသည်။

သို့ပေမဲ့ အရည်အသွေးမြင့်မားသော စိန်တစ်လုံးသရက်သီးများကိုတော့ ထိပ်စမှဝယ်သည့် အဝယ်ဒိုင်များ ဈေးကောင်းပေးရန် စောင့်ဆိုင်းနေကြောင်း ခွာညိုသစ်သီးကုမ္ပဏီကပြောသည်။ "ခြင်းအရောင်နဲ့ ဈေးဖြတ်တာမဟုတ်ဘဲ အသီးအရည်အသွေးကို အဓိကထား ဆုံးဖြတ်တာပါ။ အရည်အသွေးမြင့်တဲ့ အသီးတွေကို အရောင်ကွဲထည့်သင့်ပါတယ် "ဟု ခွာညိုသစ်သီးကုမ္ပဏီကပြောသည်။

သယ်ယူပို့ဆောင်စရိတ်ကြေးအပြင် တောကြေးအဖြစ် တစ်ခြင်းလျှင် ၈၀၀၀ ခန့် တောင်သူက ကုန်ကျခံပေးနေရသောကြောင့် ထင်သလောက်တွတ်ချေကိုက်မှုမရှိကြောင်း မူဆယ် ၁၀၅ မိုင်သို့ တင်ပို့နေသည့် သရက်သီးကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

ပြည်ပတင်ပို့မှုရှိသည့် စိန်တစ်လုံးသရက် ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေပြီး အလုံး ၄၀ တစ်ခြင်းလျှင် ၄၀၀၀၀ ကျပ်မှ ၅၅၀၀၀အကြား ပေါက်ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**(AMIA)**

**Source: Myanma Awba**

TIR

## ထိုင်းနိုင်ငံ၌ ၂၀၂၃ ခုနှစ် ပထမ ၃ လပတ်အတွင်း လောင်စာဆီသုံးစွဲမှုမြင့်တက်

ထိုင်းနိုင်ငံတွင် ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ၂၀၁၉ ခုနှစ်မှစ၍ ၂ နှစ်ဆက်တိုက် ကျဆင်းခဲ့သော လောင်စာဆီသုံးစွဲမှုသည် ၂၀၂၃ ခုနှစ် ပထမ ၃ လပတ်အတွင်း မြင့်တက်ခဲ့ကြောင်း စွမ်းအင်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း လောင်စာဆီဝယ်လိုအား ပျမ်းမျှအားဖြင့် တစ်နေ့လျှင် လီတာ ၁၆၁ သန်း (၅.၆၅ ရာခိုင်နှုန်း) မြင့်တက်ခဲ့ပါကြောင်း၊ ယင်းသို့တက်လာရခြင်းမှာ ကပ်ရောဂါကန့်သတ်ချက်များ ဖြေလျှော့လိုက်သဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးသည့်နိုင်ငံ ပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း စွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Ms Nanthika က ဆိုပါသည်။

ဒီဇယ်သုံးစွဲမှုမှာ တစ်နေ့လျှင် လီတာ ၇၆.၄ သန်း (၀.၂ ရာခိုင်နှုန်း)၊ ဂက်စ်ဆိုလင်းနှင့်ဂက်စ်ဆိုဟော (91 သို့မဟုတ် 95)တို့၏ ဝယ်လိုအားလီတာ ၃၁.၇ သန်း (၆.၆ ရာခိုင်နှုန်း)ဖြင့် အသီးသီးမြင့်တက်လာပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြေလျှော့မှုကြောင့် လေကြောင်းဖြင့် ခရီးသွားလာမှု အသက်ဝင်လာခဲ့ပြီး လေယာဉ်ဆီသုံးစွဲမှုလည်း တစ်နေ့လျှင် လီတာ ၁၄ သန်းဖြင့် ရာနှုန်းပြည့်နီးပါး မြင့်တက်လာကြောင်း ၎င်းကဆိုပါသည်။

ရေနံဓာတုပစ္စည်းကဏ္ဍတွင် Polymer ဈေးနှုန်းကျဆင်းခဲ့ခြင်းကြောင့် Liquefied Petroleum Gas –LPG ကို သုံးစွဲမှုနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ကယ်ရိုဆင့် (Kerosene) သုံးစွဲမှုလည်း ကျဆင်းခဲ့ကြောင်း၊ Compressed Natural Gas (CNG) သုံးစွဲမှုမှာ တစ်နေ့လျှင် ၃,၅၆၀ တန် (၇ ရာခိုင်နှုန်း)၊ လောင်စာဆီ လီတာ ၆.၈၂ သန်းဖြင့် အသီးသီးမြင့်တက်လာကြောင်း ၎င်း၏ ပြောကြားချက်အရ သိရှိရပါသည်။

ရေနံစိမ်းတင်သွင်းမှု တစ်နေ့လျှင် စည် ၁.၁၀ သန်း (၅.၇ ရာခိုင်နှုန်း) မြင့်တက်လာခဲ့သော်လည်း သန့်စင်ပြီးသောဆီကို တစ်နေ့လျှင် ၁၄၇,၃၇၁ စည်သာ တင်ပို့နိုင်သဖြင့် ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၊ အစိုးရအရာရှိကြီးများက ရုပ်ကြွင်းလောင်စာ အသုံးပြုခြင်းမှသည် သန့်စင်သောလောင်စာ အထူးသဖြင့် ဇီဝလောင်စာနှင့် လျှပ်စစ်မော်တော်ကားများကို အများဆုံးအသုံးပြုမည့် National Oil Plan ကိုရေးဆွဲနေပါကြောင်း၊ ဇီဝလောင်စာဝယ်လိုအားမြင့်တက်စေရန် ဓာတ်ဆီဆိုင်များတွင် ဂက်စ်ဆိုဟော E10 (95 သို့မဟုတ် 91) အစား ဂက်စ်ဆိုဟော E20 (ဂက်စ်ဆိုလိုင်းနှင့် အီသနော ၂၀ ရာခိုင်နှုန်း ရောနှောထားသော) ကို အစားထိုးသုံးစွဲသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source :** www.bangkok.com

https://myantrade.gov.mm/article/Naypyitawstp_040520230912

## STOCK EXCHANGE (5.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,488 (Shares) | 16,328,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,100 | 8,200 | 8,100 | 393 | 3,199,300 | 33,109,694 | 268,189 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,800 | 2,850 | 2,800 | 3,897 | 10,970,650 | 38,929,150 | 110,948 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,450 | 1,500 | 1,450 | 836 | 1,252,200 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 332 | 830,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 30 | 76,500 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.03 | +1.95 | +0.55% | 356.08 | 359.91 | 356.08 | 5,488 | 16,328,650 | 7 | 630,879 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th May, 2023

| Trading Volume | Trading Value |
|---|---|
| 5,488 (Shares) | 16,328,650 (MMK) |

### Main Board

As of 1:00 pm, 5th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,488 (Shares) | 16,328,650 (MMK) |

| MYANPIX | 358.03 ▲ 1.95 |
|---|---|
| Total Volume (shares) | 5,488 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 630,879 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR